ဝေဒဂ်အုပ်စု၏မြန်မာပြန်စာစဉ်

အတတ်ဟောပုဏ္ဏားနက္ခတ်ဗေဒင်ဆရာကြီးဦးရာမ၏သား

# ဆရာဒဂုန်

မြန်မာပြန်



# အသက်မွေးဝမ်းကျောင်းမှု ဗေဒင်ပညာ

## (စာရေးသူ၏ အမှာစာ)

ဤစာအုပ်သည် ၁၇ ရာစုဘာ ဂနှင့် ပတ်သက်၍ စနစ်တကျလေ့လာမှုပြုထားသော စာအုပ်ဖြစ်သည်။ပြုစုရေးသားရာ၌ ရှေးဟောင်းစာအုပ်အတော်များများနှင့်ခေတ်သစ်စာအုပ်များကို ပါ ဖတ်ရှုလေ့လာပြီး ရေးသားထားပါသည်။ အဓိကရည်ရွယ်ချက်မှာ နက္ခတ္တဗေဒပညာရပ်ကို သိပ္ပံနည်းကျ လေ့လာမှုပြုနိုင်ရန် ဖြစ်ပါသည်။ မည်သည့်သိပ္ပံပညာ ရပ်များကိုမဆို လေ့လာရာတွင် လက်တွေ့စမ်းသပ်ချက်များ၊ အစဉ်တစိုက် လေ့လာမှုများနှင့် နောက်ဆုံးကောက်ချက်ချမှုများပေါ် အခြေခံကြရပါသည်။

သိပ္ပံဘာသာရပ်တိုင်းမှာ မိမိရှေ့မှ လုပ်ဆောင်သွားသောသူများ၏ အခြေခံများကို ပိုမိုကျယ်ပြန့်စွာ ကြီးထွားလာစေရန် ပြုလုပ်ရခြင်းပင်ဖြစ်ပါသည်။ ထိုသူများမှာ မိမိတို့၏ ဘဝတစ်ခု လုံးကို လေ့လာခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် ပြန်လည်ပို့ချပေးခြင်းဟူသော ကိစ္စရပ်များဖြင့်သာ ကုန်ဆုံးစေခဲ့ကြပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဟိုခေတ်အခါက ပညာရှင်များ၏ ရေးသားပို့ချချက်များကို ထုတ်ဖော်ရေးသားသွားပါမည်။

ထိုသူများ ချမှတ်ပေးခဲ့သော နည်းဥပဒေသများမှ ကန့်သတ်ချက်များဖြင့်သာ တည်ရှိခဲ့ပါသည်။ ထိုခေတ်ထိုအခါ၌ တည်ရှိခဲ့သော အလုပ်အကိုင်များမှာ ယခုခေတ်အခါကဲ့သို့ များများစားစား သိပ်မရှိလှပါ။ ထို့ကြောင့် ထိုကိစ္စရပ်များနှင့် ပတ်သက်၍ အသစ်တစ်ဖန် ပြန်လည်လေ့လာခြင်း၊ သုတေသနပြုခြင်း၊ ရရှိသော ရလဒ်ကိုခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး မှတ်ချက်ချမှတ်ကြရပါသည်။ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် အားရကျေနပ်မှုမရှိသဖြင့် အနောက်တိုင်း စာရေးသူများ၏ သုတေသနပြုချက်နှင့် ထင်မြင်ချက်များကိုပါ ထပ်လောင်း ဖော်ပြခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ထိုဘာသာရပ်နှင့် ပတ်သက်၍

ဆရာတစ်ဆူဖြစ်ကြကုန်သော ရှေ့တိုင်းနှင့် အနောက်တိုင်းမှ စာရေးသူများ၏
စာအုပ်တော်တော်များများကိုလည်း စုဆောင်းခဲ့ကြရပါသည်။
နက္ခတ္တဗေဒအခြေခံစည်းမျဉ်းများကို ထင်ထင်ရှားရှား လေ့လာနိုင်စေရန်အလို့ငှာ၊
နမူနာဇာတာတော်တော်များများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ထိုကဲ့သို့
ပြုလုပ်ပေးခြင်းဖြင့် နက္ခတ္တဗေဒပညာရပ်၏ မှန်ကန်သော အခြေခံစည်းမျဉ်းများကို
ပိုမိုထင်ရှားစွာ ပေါ်ထွက်စေမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ရိုးသားစွာပြောရမည်ဆိုသော် ထိုကဲ့သို့
ပြုလုပ်ပေးခြင်းဖြင့် လေ့လာသူများအား ဆက်လက်လေ့လာ
သုတေသနပြုလိုစိတ်များကို နှိုးဆွပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ထိုဘာသာရပ်များနှင့် ပတ်သက်၍ ပညာရှင်များအကြားတွင် ဝိဝါဒ
ကွဲပြားမှုများ ရှိခဲ့ပါသည်။ အကယ်၍ ကွဲလွဲချက်များကို ညွှန်ပြခဲ့ပါက
ထိုအယူအဆသစ်များမှာ လက်ခံနိုင်ဖွယ်အချက်များ ဖြစ်ပါက ဂမ်းပန်းတသာ
မှတ်တမ်းတင်ထားရမည်သာ ဖြစ်ပါသည်။

**အိုပီ-ဗားမား**

*

## (မြန်မာပြန်သူ၏ အာသီသ)

အိန္ဒိယနိုင်ငံမှာ ဗေဒင်ပညာလေ့လာပြီး အိမ်အပြန် မြန်မာပြည်အတွက် မြန်မာပြည်က ဗေဒင်ဝါသနာရှင်တွေအတွက် ကျွန်တော် နက္ခတ်ဗေဒင်ဆိုင်ရာ စာအုပ်စာတမ်းတွေ အများကြီး ဝယ်လာခဲ့ပါတယ်။ဖတ်ဖို့ သိဖို့သင့်တဲ့ စာအုပ်တွေကို ပညာရှင်အသီးသီးကိုပေးပြီး ဘာသာပြန်စေခိုင်းကာ စာအုပ်အဖြစ်ထုတ်ဝေပေးခဲ့ပါတယ်။

ယူလာတဲ့ စာအုပ်တွေထဲက

က။ မူရင်းရှေးကျမ်းရင်းကြီးတွေ

ခ။ မူရင်းကျမ်းရင်းတွေကို အခြေခံပြီး ပြန်ရေးထားတဲ့ကျမ်းတွေ

ဂ။ ခေတ်ပေါ်သုတေသနကျမ်းတွေ ပါပါတယ်။

ဃ။ ဖတ်ချင်လို့ယူလာတဲ့ကျမ်းတွေ ပါပါတယ်။

ဒီစာအုပ်ဟာ ကျွန်တော်ဖတ်ချင်လို့ယူလာတဲ့ ကျမ်းတွေထဲမှာ ပါပါတယ်။ ကျွန်တော်ကြိုက်လို့ ယူလာခဲ့တာပါ။ အသက်မွေးဝမ်းကျောင်းတဲ့အလုပ်ကို ဗေဒင်ပညာနဲ့ သုံးသပ်ပြထားတဲ့ကျမ်း ဖြစ်ပါတယ်။ ကျမ်းရင်းက အိန္ဒိယရှုပီး သုံးရာကျပ် ပေးခဲ့ရပါတယ်။

လက်တွေ့သုတေသန ပြုထားပြီး သဘာဝကျကျ စဉ်းစားပြထားတဲ့ကျမ်းကောင်းတစ်အုပ် ဖြစ်ပါတယ်။ ရှားပါးတဲ့ ကျော်ကြားတဲ့ ဇာတာတွေအများကြီး ပါဝင်ပါတယ်။

လူတိုင်း အသက်မွေးဝမ်းကျောင်းခြင်းနဲ့ ပတ်သက်လို့ သိချင်ကြတာချည်းပါပဲ။ ကျွန်တော်လဲ သိချင်ပါတယ်။ ကျွန်တော့်လိုပဲ သိချင်တဲ့သူတွေအတွက် ဒီစာအုပ်ကလေးကို မြန်မာပြန်ဆိုပြီး ထုတ်ဝေလိုက်ရပါတယ်။

အချို့ဇာတာတွေဟာ ကျွန်တော်တို့အတွက် မလိုအပ်တဲ့အတွက်ချန်ထားခဲ့တာကလွဲလို့ တစ်အုပ်လုံးကို သဘောပေါက်အောင် ပြန်လည်ရေးထားပါတယ်။ ဒီစာအုပ်ရေးတဲ့အချိန် ဝိုင်းဝန်းကူညီကြတဲ့ မိတ်ဆွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ကို ကြိုက်နှစ်သက်ရင် မူလစာရေးဆရာ အိုပ်မီ-ဗားမားကို ကျေးဇူးတင်ကြပါ။

ပြန်လည်ပြောပြတဲ့နေရာမှာ သိပ်သဘောမတွေ့ရင်တော့ ကျွန်တော်ညံ့လို့ပဲလို့ မှတ်ယူပါ။ အိုပီ-ဗားမားကို မြန်မာစာဖတ်သူနဲ့ မိတ်ဆက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။

**မင်္ဂလာရှိပါစေ**

**ဆရာဒဂုန်**

**၁-၁၂-၂၀၀၀**

*

အခန်း (၁)

## အခြေခံသဘောတရားများ

ယခုပြောပြမည့် အကြောင်းအရာများမှာ လူတိုင်းသိကျွမ်းပြီး ဖြစ်ချင်ဖြစ်နိုင်ပါသည်။ မသိသေးသူအတွက် အသစ်အဆန်းဖြစ်သည်။သို့အတွက် အခြေခံသဘောတရား အချို့ ကိုမိတ်ဆက်ပေးလိုပါသည်။

နက္ခတ်ဗေဒင်ပညာရပ်တွင် သုံးသောဂြိုဟ်မှာ

၁။ တနင်္ဂနွေဂြိုဟ်
၂။ တနင်္လာဂြိုဟ်
၃။ အင်္ဂါဂြိုဟ်
၄။ ဗုဒ္ဓဟူးဂြိုဟ်
၅။ ကြာသပတေးဂြိုဟ်
၆။ သောကြာဂြိုဟ်
၇။ စနေဂြိုဟ်
၈။ ရာဟုဂြိုဟ်
၉။ ကိတ်ဂြိုဟ်
၁၀။ ယူရေးနပ်(စ်)ဂြိုဟ်
၁၁။ နက်ပကျွန်းဂြိုဟ်
၁၂။ ပလူတိုဂြိုဟ်တို့ဖြစ်သည်။

အိန္ဒိယနက္ခတ်ဗေဒင်စနစ်တွင် တနင်္ဂနွေဂြိုဟ်မှ ရာဟုဂြိုဟ်အထိသုံးကြပြီး ကျန်ဂြိုဟ်လေးလုံးကို အရံအဖြစ်သာ သုံးကြပါသည်။

ရာသီမှာ ၁၂ ရာသီရှိပါသည်။ ထိုရာသီများမှာ ပုံသေများဖြစ်ကြပါသည်။ ဤစာအုပ်တွင် အိန္ဒိယနိုင်ငံ နေရာအနှံ့အပြားတွင် ယနေ့လက်ခံသုံးစွဲနေသော ဤအချက်ကို လိုက်နာရေးသား ဖေါ်ပြသွားပါမည်။ စာဖတ်သူများအနေဖြင့် ထိုနည်းနှစ်ခုစလုံးကို အကျွမ်းတဝင်ဖြစ်နေဖို့ လိုအပ်ပါသည်။

| ရာသီ | သင်္ချာ | အနောက်တိုင်းအမည် | ရာသီသခင် |
|---|---|---|---|
| မိဿ | ၁ | အေရီ | အင်္ဂါဂြိုဟ် |
| ပြိဿ | ၂ | တောရပ် | သောကြာဂြိုဟ် |
| မေထုန် | ၃ | ဂျေမီနီ | ဗုဒ္ဓဟူးဂြိုဟ် |
| ကရကဋ် | ၄ | ကင်ဆာ | တနင်္လာဂြိုဟ် |
| သိဟ် | ၅ | လီယို | တနင်္ဂနွေဂြိုဟ် |
| ကန် | ၆ | ဗာဂို | ဗုဒ္ဓဟူးဂြိုဟ် |

| | | | |
|---|---|---|---|
| မကာရ | ၁၀ | ကက်ပရီကွန် | စနေဂြိုဟ် |
| ကုမ် | ၁၁ | အကွေရီယတ်စ် | စနေဂြိုဟ် |
| မိန် | ၁၂ | ပိဆက် | ကြာသပတေးဂြိုဟ် |

နက္ခတ် ၂၇ လုံးနှင့် နက္ခတ်သခင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| နက္ခတ် | | နက္ခတ်သခင် |
|---|---|---|
| ၁။ အဿဝဏီ | - | ကိတ်ဂြိုဟ် |
| ၂။ ဘရဏီ | - | သောကြာဂြိုဟ် |
| ၃။ ကြတ္တိကာ | - | တနင်္ဂနွေဂြိုဟ် |
| ၄။ ရောဟဏီ | - | တနင်္လာဂြိုဟ် |
| ၅။ မိဂသီ | - | အင်္ဂါဂြိုဟ် |
| ၆။ အဒြ | - | ရာဟုဂြိုဟ် |
| ၇။ပုဏ္ဏ ဖုသျှ | - | ကြာသပတေးဂြိုဟ် |
| ၈။ ဖုသျှ | - | စနေဂြိုဟ် |
| ၉။ အသလိဿ | - | ဗုဒ္ဓဟူးဂြိုဟ် |
| ၁၀။ မာဃ | - | ကိတ် |
| ၁၁။ ပြုဗ္ဗဖလဂုဏ် | - | သောကြာဂြိုဟ် |
| ၁၂။ဥတ္တရဖလဂုဏ် | - | တနင်္ဂနွေဂြိုဟ် |
| ၁၃။ ဟဿတ | - | တနင်္လာဂြိုဟ် |
| ၁၄။ စိတြ | - | အင်္ဂါဂြိုဟ် |
| ၁၅။ သွာတိ | - | ရာဟုဂြိုဟ် |
| ၁၆။ ဝိသာခါ | - | ကြာသပတေးဂြိုဟ် |
| ၁၇။ အနုရာဓ | - | စနေဂြိုဟ် |
| ၁၈။ ဇေဋ္ဌ | - | ဗုဒ္ဓဟူးဂြိုဟ် |
| ၁၉။ မူလ | - | ကိတ်ဂြိုဟ် |
| ၂၀။ ပြုဗ္ဗသဠ် | - | သောကြာဂြိုဟ် |

| | | |
|---|---|---|
| ၂၁။ ဥတ္တရာသဠ် | - | တနင်္ဂနွေဂြိုဟ |
| ၂၂။ သရဝဏ် | - | တနင်္လာဂြိုဟ် |
| ၂၃။ ဓနသိဋ္ဌ | - | အင်္ဂါဂြိုဟ် |
| ၂၄။ သတ္တဘိသျှ | - | ရာဟုဂြိုဟ် |
| ၂၅။ ပြုပ္ပဘဒြပိုဒ် | - | ကြာသပတေးဂြိုဟ် |
| ၂၆။ ဥတ္တရာဘဒြပိုဒ် | - | စနေဂြိုဟ် |
| ၂၇။ ရေဝတီ | - | ဗုဒ္ဓဟူးဂြိုဟ် |

ထိုနက္ခတ် ၂၇ လုံးကို ဂြိုဟ်ကြီး ၉လုံးမှ စိုးမိုးထားပါသည်။ ဂြိုဟ်တစ်လုံးသည် အံသာ ၁၂၀ စီဝေးသော နက္ခတ် ၃ လုံးကို စိုးမိုးပါသည်။ ကိတ်ဂြိုဟ်သည် အသာဝဏီ၊ မာဃနှင့် မူလနက္ခတ်များကို ပိုင်ဆိုင်ပါသည်။

သောကြာဂြိုဟ်မှာ ဘရဏီ၊ ပြုပ္ပဖလဂုဏီနှင့် ပြုပ္ပါသဠ်နက္ခတ်စသည်ဖြင့် အသီးသီးစိုးမိုးပါသည်။ အသာဝဏီနက္ခတ်မှာ မိန်ရာသီ ၀ အံသာအစပြု၍ ရာသီစက်ဝန်း၏ ၁၃ အံသာ ၂၀ လိတ္တာကို ပိုင်ဆိုင်ပါသည်။ ထိုသတ်မှတ်ချက်များမှာ နက္ခတ်ဗေဒင် ရှေ့ဖြစ်ဟောပြောရာတွင် အလွန်အရေးကြီးပါသည်။ နက္ခတ်တစ်လုံးမှာ နဝင်း ၄လုံးကို ပိုင်ဆိုင်ပါသည်။ နဝင်းတစ်လုံးမှာ ရာသီစက်ဝိုင်း၏ ၃ အံသာ ၂၀ လိတ္တာကို ပိုင်ဆိုင်ပါသည်။ ဂြိုဟ်များတည်ရှိရာတကယ့်အနေအထား အတိအကျကို လာဟိီးရီး ဂြိုဟ်သွားပြက္ခဒိန်တွင် အလွယ်တကူ ကြည့်ရှုတွေ့မြင်နိုင်ပါသည်။

ထိုဂြိုဟ်များကို ဂြိုဟ်အသီးသီး၏ နက္ခတ်၊ နက္ခတ်သခင်စသည်တို့ဖြင့် ပုံစံတွင်ရေးသွင်းထားရပါမည်။

**ဂြိုဟ်တို့၏ဥစ်နှင့်နိစ်ရာသီများ**

| ဂြိုဟ် | - ဥစ်ရာသီ | - နိစ်ရာသီ |
|---|---|---|
| တနင်္ဂနွေဂြိုဟ် | - မိဿ | - တူ |
| တနင်္လာဂြိုဟ် | - ပြိဿ | -ဗြိစ္ဆာ |
| အင်္ဂါဂြိုဟ် | - မကာရ | -ကရကဋ် |
| ဗုဒ္ဓဟူးဂြိုဟ် | - ကန် | - မိန် |
| ကြာသပတေးဂြိုဟ် | -ကရကဋ် | -မကာရ |
| သောကြာဂြိုဟ် | - မိန် | - ကန် |
| စနေဂြိုဟ် | - တူ | - မိဿ |

နဝင်းစက်

အဖြေမှန်ရရှိရန် နဝင်းစက်မှာ အရေးပါပါတယ်။ ရာသီစက် တစ်ခုထဲနှင့် အဖြေမှန်ကို မရရှိနိုင်ပါ။ ဂဂ္ဂုတ္တမနဝင်းစီးသောဂြိုဟ်မှာ အလွန်အရေးပါပါသည်။ ဂဂ္ဂုတ္တမနဝင်းစီးသောဂြိုဟ်မှာ အလွန်အရေးပါပါသည်။ ဂဂ္ဂုတ္တမနဝင်းစီးထားသော လဂ်မှာ ဇာတာရှင်အား ကံကောင်းစေပါသည်။ ရာသီမှာအားနည်းသော်လည်း၊ နဝင်းစက်တွင် ကောင်းသောအနေအထားတွင် တည်ရှိနေပါက ထိုဂြိုဟ်မှာ အားရှိလာပါမည်။ ဂြိုဟ်တစ်လုံးမှာရာသီတစ်ခုတွင် နိစ်ခံနေပြားသော်လည်း နဝင်းတွင် ဥစ်အဖြစ် ရပ်တည်နေတတ်ပါသည်။ ဒါကြောင့် ထိုဂြိုဟ်ကို ဂြိုဟ်ဆိုးတစ်ခုအနေဖြင့် ယူဆ၍ မရပါ။ အနည်းငယ် လေ့ကျင့်ယုံမျှဖြင့် စာဖတ်သူမှာ နဝင်းစက်တွင်ကြည့်ခြင်းအားဖြင့် ထိုဂြိုဟ်၏ နက္ခတ်သခင်ကို အလွယ်တကူသိရှိနိုင်ပါသည်။ ဒါကြောင့် ရာသီစက်ကို နဝင်းစက်ဖြင့် အမြဲတန်း တွဲဘက်ထားသင့်ပါသည်။

နဝင်းတစ်ခုမှာ ၃ အံသာ ၂၀ လိတ္တာ ကျယ်ဝန်းပါသည်။ မိဿရာသီ၏ ပထမနဝင်းမှာ အင်္ဂါဖြစ်ပြီး၊ ဒုတိယနဝင်းမှာ သောကြာ စသည်ဖြင့်အသီးသီး၏ အမည်များကို အစဉ်လိုက်ခေါ်ဆိုသွားကြပါသည်။

ထိုနည်းအရ ပြိဿ၊ ကန်နှင့် မကာရတို့၏ ပထမနဝင်းမှာ မကာရဖြစ်ပါသည်။

မေထုန်၊ တူနှင့် ကုမ်ရာသီတို့၏ ပထမနဝင်းမှာ တူရာသီဖြစ်ပါသည်။ ကရကဋ်၊ ဗြိစ္ဆာနှင့် မိန်ရာသီတို့၏ ပထမနဝင်းများမှာ ကရကဋ်ရာသီဖြစ်ပါသည်။ သိဟ်၊ ဓနုနှင့် မိဿရာသီတို့၏ ပထမနဝင်းများမှာ မိဿရာသီဖြစ်ပါသည်။

ဂြိုဟ်များ၏ တကယ်အံသာလိတ္တာကို တွက်ချက်ကြည့်ခြင်းဖြင့်နဝင်းစက်ကို တွက်ချက်ရယူနိုင်ပါသည်။

ဘာဂစက်

ဘာဂစက်ကို အတိအကျ တွက်ချက်ရယူရန် လိုအပ်ပါသည်။ ဘာဂများ၏ ဘာဂသန္ဓိကို လာဟီးရီး၊ ရာဖေးစသောဂြိုဟ်သွားပြက္ခဒိန်များကိုအသုံးပြုပြီး အတိအကျတွက်ချက် ရယူနိုင်ပါတယ်။ ရာသီစက်မှာ တစ်ခါတရံတွင် လွဲမှားမှုကို ဖြစ်စေတတ်ပါတယ်။ ဒါကြောင့် ရာသီစက်တစ်ခုထဲအနေဖြင့်မလုံလောက်ပါ။

လဂ်မှာ ရာသီတစ်ခု၏ အစ (သို့) အဆုံးနေရာတွင် တည်ရှိနေသည့်အခါမျိုးတွင် ဘာဂစက်ကို အသုံးမပြုပဲ ဘာဂတစ်ခုတွင်းရှိ ဂြိုဟ်တစ်လုံး၏ တကယ်အနေအထားကို ရရှိရန် မလွယ်ကူပါ။

ဘာဂတစ်ခု၏ တိကျသော ဘာဂသန္ဓိတစ်ခုအတွင်း တည်ရှိနေတာဂြိုဟ်တစ်လုံးမှာ ထိုဘာဂ၏ အကျိုးတရားကို အပြည့်အဝ ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ အကယ်၍ ဂြိုဟ်တစ်လုံးမှာ ဘာဂတစ်ခု၏ အဆုံးနေရာတွင် တည်ရှိခဲ့ပါက အနည်းငယ်မျှလောက်သော

အကျိုးကိုသာဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ အခြားအနေအထားတွင်မူ ကျွန်ုပ်တို့အနေဖြင့် အချိုးကျ တွက်ချက်သည့် နည်းစနစ်အရ အကျိုးသက်ရောက်မှုကို မှန်းဆရယူရပါမည်။

ဘာဂစက် ပြင်ဆင်မှုကို နက္ခဗေဒဆိုင်ရာ စံထားအသုံးပြုသောလက်စွဲကျမ်းများကို မှီငြမ်းပြု၍ တွက်ချက်ရယူရပါမည်။ ရာဖေး၏ ဘာဂကောက်ကိန်းစာအုပ်မှာ အလွန်တိကျမှန်ကန်မှု ရှိပါသည်။ (သို့) လာဟီးရီးရာမန် စသူတို့၏ ဘာဂကောက်ကိန်းစာအုပ်ကိုလည်း အသုံးပြုနိုင်ပါသည်။

ဂြိုဟ်အမြင်များ

ဂြိုဟ်အားလုံးသည် မိမိတည်ရှိရာ ဘာဂမှ ၇ တန့်ဘာဂအား ဂြိုဟ်အမြင်ရှိပါသည်။ စနေ ကြာသပတေးနှင့် အင်္ဂါဂြိုဟ်တို့မှာ ဝိသေသအမြင်ထူးများ ရှိကြပါသည်။ စနေဂြိုဟ်သည် ၃ တန့်၊ ၁၀ တန့်အားငင်း၊ ကြာသပတေးဂြိုဟ်သည် ၅ တန့်နှင့် ၉ တန့်အားငင်း၊ အင်္ဂါဂြိုဟ်သည် ၄ တန့်နှင့် ၈ တန့် အား အထူးဂြိုဟ်အမြင်ဖြင့် မြင်ကြပါသည်။ ထိုအထူးအမြင်မှာ အားအပြည့်အဂရှိပြီး အလွန်အရေးကြီးပါသည်။

ဂရာဟ မိဟိရ အပါအဝင် အခြားရှေးပညာရှိတို့ အလိုအရ အားလုံးသောဂြိုဟ်များမှာ ၃ တန့်နှင့် ၁၀ တန့်အား ၁/၄ အားဖြင့်မြင်ကြပါသည်။၅ တန့်နှင့် ၉ တန့်အား ၁/၂ အားဖြင့်မြင်ကြ ပြီး ၄ တန့်နှင့် ၁၀ တန့်အား ၃/၄ အားဖြင့် မြင်ကြပါသည်။ ဆိုလိုသည်မှာ စနေဂြိုဟ်မှာ ၃ တန့်နှင့် ၁၀ တန့်အားအပြည့်မြင်ပြီး ကျန်ဂြိုဟ်များမှာ ၁/၄ အားဖြင့် မြင်ကြပါသည်။ ထိုနည်းတူစွာပင် ကြာသပတေးဂြိုဟ်မှာ ၅ တန့်နှင့် ၉ တန့်အားအပြည့်မြင်ပြီးကျန်ဂြိုဟ်များမှာ ၁/၂ အားဖြင့်သာ မြင်ကြပါသည်။ အင်္ဂါဂြိုဟ်မှာ ၄ တန့်နှင့် ၈တန့်အား အားအပြည့်မြင်ပြီး ကျန်ရှိသော ဂြိုဟ်များမှာ ၃/၄ အားဖြင့်မြင်ကြပါသည်။

သောမဂြိုဟ်ဖြစ်သော ကြာသပတေး၊ သောကြာ၊ တနင်္လာနှင့် သောမဂြိုဟ် ဗုဒ္ဓဟူးတို့၏ အမြင်ကို ခံယူရသောဘာဝများမှာ ကောင်းသောအကျိုးကို ခံစားရပါမည်။

သောမဂြိုဟ်အချင်းချင်း အပြည့်မြင်ခြင်းသည် ကောင်းကျိုးကို ဖြစ်ပေါ်ဖြစ်ပါသည်။

မိမိပိုင်ဘာဝကို ပြန်မြင်သော ဂြိုဟ်များမှာ ထိုဘာဝ၏ အကျိုးကို ပိုမိုဖြစ်ထွန်းစေပါသည်။ ထိုကဲ့သို့သော အခြေအနေတွင် ထိုအတန့်ဘာဝများမှာ ပိုမိုကြီးထွားတိုးတက်မှုကို ဖြစ်စေပါသည်။

ပရိသုယသဆရာ အလိုအရမူ ဂြိုဟ်တစ်လုံးသည် မိမိပိုင်အိမ်တွင်ရပ်တည်ခဲ့လျှင် မိမိပိုင်အိမ်ကို မြင်ခဲ့လျှင်သော်ငှင်း၊ ထိုအတန့်ဘာဝကိုစည်ပင်ကြီးပွားစေပါသည်ဟု မိန့်ဆိုခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် အောက်တွင်ဖေါ်ပြထားသော ဇာတာခွင်ကိုလေ့လာကြည့်ကြရအောင်။




ဤဇာတာတွင် သောကြာ၊ ဗုဒ္ဓဟူးနှင့် အင်္ဂါဂြိုဟ်သုံးလုံးတို့သည် ၇ တန့်ဘာဝအား မြင်ကြပါသည်။

ကြာသပတေးဂြိုဟ်မှ လဂ်ကို လှမ်းမြင်ပါသည်။ ၁၁ တန့်ဘာဂသည်သိဟ်ရာသီဖြစ်ပြီး ၃ တန့်ဘာဂသည် ဓနုရာသီဖြစ်ပါသည်။

အင်္ဂါဂြိုဟ်မှာ ၇ တန့်၊ ၈ တန့်နှင့် ၄ တန့်ရာသီတို့အား မြင်ပါသည်။ စနေဂြိုဟ်မှာလည်း ၈ တန့်ဘာဂ၊ ၄ တန့်ဘာဂ၊ ၁၁ တန့်ဘာဂ သိဟ်ရာသီတို့ကို မြင်ပါသည်။

တနင်္လာဂြိုဟ်မှာ ၄ တန့်ဘာဂကို မြင်ပြီး၊ တနင်္လာဂြိုဟ်မှာ ၆ တန့်ဘာဂကို မြင်ပါသည်။

ထိုနည်းအတိုင်း ဂြိုဟ်အမြင်ကို စဉ်းစားကြရပါမည်။

အနောက်တိုင်းဂြိုဟ်အမြင်များ

အနောက်တိုင်းသားများမှာ ဂြိုဟ်အမြင်ကို တစ်မျိုးတစ်ဖုံ ယူဆကြပါသည်။ ထိုသူများ၏ ယူဆပုံကိုလည်း သိရှိထားရန်လိုအပ်ပါသည်။ ထိုသူတို့မှာ ဂြိုဟ်တစ်ခုနှင့်တစ်ခု အမြင်ဖြစ်ပေါ်သော ထောင့်များကို စဉ်းစားဆုံးဖြတ်ကြပါသည်။

(၁) ဂြိုဟ်ပူးခြင်း(Conjunction)-သောမဂြိုဟ်များ ပူးခြင်းသည် ကောင်းသောအကျိုးကို ဖြစ်ပေါ်စေပါမည်။ ပါပနှင့် သောမဂြိုဟ်နှစ်လုံးတို့ပူးရာတွင် ပါပဂြိုဟ်၏ ကောင်းကျိုးနှင့် သောမဂြိုဟ်၏ ကောင်းကျိုးများပါဆုံးရှုံးမှုဖြစ်ပေါ်စေပါမည်။

(၂) ဂြိုဟ်ပြိုင်အမြင် (Parallel)-ဂြိုဟ်တစ်လုံးသည် အခြားဂြိုဟ်တစ်လုံးနှင့် တစ်ခုတည်းသော အံသာအထက်၊ အောက်၊ မျက်နှာချင်းဆိုင်အရပ်တွင် တည်ရှိသောအခါကို ဆိုလိုပါသည်။

(၃) သမသတ်အမြင် (၁၈၀ အံသာ) ပါပဂြိုဟ်နှစ်လုံး သမသတ်အမြင်ကို အမြင်ဆိုးယူ၍ သတ်မှတ်ပါသည်။

(၄) ၁၂၀ အံ့သာအမြင် အလွန်အားကြီးသော ဂြိုဟ်အမြင်ဖြစ်ပါသည်။ အလွန်ကောင်းကျိုးပေးပါသည်။

(၅) ဖ၀ အံ့သာအမြင် (Ferhile) ထိုဂြိုဟ်အမြင်မှာလဲပဲ အလွန်ကောင်းကျိုးပေးပါသည်။

(၆) ၉၀ အံ့သာအမြင် (Square) ဂြိုဟ်အမြင်ဆိုးဖြစ်ပါသည်။

(၇) ၁၃၅ အံ့သာအမြင် (Sesquiquadrehe) ဂြိုဟ်အမြင်ဆိုးဖြစ်ပါသည်။

(၈) ၁၄၄ အံ့သာအမြင် (Biquitile) ဂြိုဟ်အမြင်ကောင်းဖြစ်ပါသည်။

(၉) ၄၅ အံ့သာအမြင် (Senisquare) ဖြစ်ပြီး ဂြိုဟ်အမြင်ဆိုးဖြစ်ပါသည်။ ၂၂ ၁/၂ အံ့သာ၏ မြှောက်ရကိန်း (multiple of 22 ½) ကိုဂြိုဟ်အမြင်ဆိုး ၁၈ အံ့သာ၏ မြှောက်ရကိန်းကို၊ ၉၀ အံ့သာအမြင်မှလွဲ၍ ဂြိုဟ်အမြင်ကောင်းဟု သတ်မှတ်ပါသည်။ ၃၀ အံ့သာ၏ မြှောက်ရကိန်းကိုဂြိုဟ်အမြင်ကောင်းဟု သတ်မှတ်ထားပါသည်။

နက္ခတ်အနေအထား

မွေးဖွားမည့်ဂြိုဟ်များ၏ တိကျသော အံ့သာများကို စံအနေဖြင့်သတ်မှတ်ထားသည့် ဂြိုဟ်သွားပြက္ခဒိန်များဖြင့် တွက်ချက်ရပါမည်။ အယနမှာလာဟီရီးမှဖြစ်ရပါမည်။ တိကျ၍ ဖြစ်ပါသည်။ ထို့နောက် ဂြိုဟ်များမှာ မည်သည့်နက္ခတ်ပေါ်တွင် စီးနင်းလျှက်ရှိကြောင်းကို ရှာဖွေရပါမည်။ ထို့နောက်နက္ခတ်သခင်များကိုပါ မှတ်သားထားရပါမည်။ ဂြိုဟ်များနှင့် နက္ခတ်သခင်များ အကြားတွင် အလွန်နီးကပ်သော ဆက်နွယ်မှုများ ရှိနေပါသည်။ ဒသာစားစဉ်ကာလအတွင်းတွင် ဇာတာရှင်မှာ နက္ခတ်သခင်၏ အကျိုးပေးကို ခံစားရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ရာသီဇာတာသာရှိပြီး နက္ခတ်သခင်ကို ပြစ်ပယ်ထားပါကပြီးပြည့်စုံမည် မဟုတ်ပါ။ နက္ခတ်သခင်ကို ချန်လှပ်ထားခဲ့ပါက အကြောင်းအရာတော်တော်များများကို ရှင်းလင်းနိုင်မည်မဟုတ်ပါ။

နက္ခတ်သျှုတ္တရပညာရပ်အတွက်၊ နက္ခတ်သခင်များ၏ ဘာဂသန္တိများပေါ် သက်ရောက်မည့်အကျိုးများကိုပါ တွက်ချက်၍ မှတ်တမ်းတင်ထားရပါမည်။

**နမူနာပြ**

| | | | |
|---|---|---|---|
| ဂြိုဟ် | -အံသာ | - နက္ခတ် | - နက္ခတ်သခင် |
| တနင်္ဂနွေဂြိုဟ် | - ၄ အံသာ | - အနုရာဓ | - စနေဂြိုဟ် |
| တနင်္လာဂြိုဟ် | - ၅ အံသာ | - ဥတ္တရာသဠ် | - တနင်္ဂနွေဂြိုဟ် |
| အင်္ဂါဂြိုဟ် | - ၁၆ အံသာ | - ပြုဗ္ဗဖလဂုဏီ | - သောကြာဂြိုဟ် |
| ဗုဒ္ဓဟူးဂြိုဟ် | - ၁၃ အံသာ | - အနုရာဓ | - စနေဂြိုဟ် |
| ကြာသပတေးဂြိုဟ် | -၁၅ အံသာ | -ရောဟဏီ | - တနင်္လာဂြိုဟ် |
| သောကြာဂြိုဟ် | -၁၅ အံသာ | - ပြုဗ္ဗါသဠ် | - သောကြာဂြိုဟ် |
| စနေ | - ၂၁ အံသာ | - အဿလိဿ | - ဗုဒ္ဓဟူးဂြိုဟ် |
| လဂ် | - ၂၇ အံသာ | - အဿလိသ | - ဗုဒ္ဓဟူးဂြိုဟ် |




ဂြိုဟ်များ၏ ဂဏ္ဍများ

၁။ ရာသီ ၃၀ အံသာ အစိတ်အပိုင်းဖြစ်ပါသည်။ ဥပမာ- မိဿ၊ ပြိဿ စသည်တို့ဖြစ်ပါသည်။

၂။ ဟောရတ် ရာသီကို အညီအမျှ လိုင်းတားထားသော အပိုင်းများဖြစ်ပါသည်။ ၁၅ အံသာအကျယ်အဝန်းရှိပါသည်။ မရာသီတွင် ပထမ ဟောရတ်ကို တနင်္ဂနွေဂြိုဟ် စိုမိုးပြီး ဒုတိယဟောရတ်ကို တနင်္လာဂြိုဟ်စိုးမိုးပါတယ်။ စုံရာသီမှာ၊ မရာသီ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။

၃။ တြင်း ရာသီတစ်ခုကို သုံးပိုင်းထားသော အစိပ်အပိုင်းများဖြစ်ပါသည်။တြင်းများကို ၁ တန့်သခင်၊ ၅ တန့်သခင် နှင့် ၉ တန့်သခင်တို့မှ အသီးသီးစိုးမိုးကြပါသည်။

၄။ နဝင်းက ရှင်းလင်းပြသပြီးဖြစ်ပါသည်။

၅။ ဒွါဒသင်း ရာသီတစ်ခုကို ၁၂ အိမ် အညီအမျှ ပိုင်းထားပါသည်။ သက်ဆိုင်ရာ ရာသီသခင်မှ အစပြု၍ ကျန်ရှိသောရာသီသခင်များ အစဉ်လိုက်စိုးမိုးပါသည်။

၆။ တိံ သင်းကောင်းသောဂဂ္ဂအတွင်း တည်ရှိသော ဂြိုဟ်များမှာ အားရှိကြပါသည်။

ကျွန်ုပ်တို့၏ ရှေးခေတ်သူတော်စင်တို့မှာ စက်များကိုပါ ပြုစုထားရန်မိန့်ကြားခဲ့ကြပါသည်။

အတန့်ဘာဂများ၏ အကျိုးတရားများ

၁ တန့်ဘာဂမှာ မိမိကိုယ် အတ္တ၊ ပုံသ ဏ္ဍာန်၊ ကျော်ကြားမှု၊ ကျက်သရေ၊ ပတ်ဝန်းကျင်၊ အကျင့်စရိုက်၊ အသားအရည်၊ အရည်အချင်း၊ ပျော်ရွှင်မှု၊ စိတ်ဆင်းရဲမှု၊ အားရှိမှု၊ အားနဲမှု၊ ဝါသနာဗီဇနှင့် လူတစ်ဦး၏ သဘောထား။

၂ တန့်ဘာဂမှာ ပစ္စည်းဥစ္စာ စုဆောင်းထားခြင်း၊ ချမ်းသာကြွယ်မှု၊ မိသားစု၊ မျက်နှာ၊ ပါးစပ်၊ အခြေခံပညာရေး၊ ပညာမျက်စိ၊ အစားအစာ၊ မိမိဘာသာရပ်တည်နိုင်မှု၊ စကား၊ အစာ၊ မာရကအိမ် ဘဏ်လက်ကျန်ရှင်းတမ်း၊

စာချုပ်စာတန်း၊ လွှဲပြောင်းနိုင်သော မတည်ရင်းနှီးမှု။

၃ တန့်ဘာဂမှာ ညီ၊ ညီမများ၊ စိတ်ထက်သန်မှု၊ အလုပ်အကိုင်၊ ခရီးတို၊ သတ္တိ၊ လက်ဖျား၊ နားရွက်ဖျား၊ ပခုံးများ၊ အိမ်နီးချင်း၊ ညာဘက်နားရွက်၊ စာရေးခြင်း၊ ဆက်သွယ်မှုပြုလုပ်ခြင်း၊ ပုံနှိပ်ခြင်း၊ တည်းဖြတ်ခြင်းစသည်တို့ဖြစ်ပါသည်။

၄ တန့်ဘာဂမှာ မိခင်၊ ယဥ်ရထား၊ ဘဂအစပိုင်း၊ ပတ်ဝန်းကျင်၊ မိခင်၊ အိမ်မှအမွေပစ္စည်း၊ မြေယာ၊ အဆုတ်၊ ပညာရေး၊ ဆွေမျိုး၊ မိတ်ဆွေဖွဲ့ခြင်း၊ မြေအောက်ရှိနေရာများ၊ စိုက်ပျိုးရေးစသည်တို့ ဖြစ်ပါသည်။

၅ တန့်ဘာဂမှာ သားသမီး၊ သင်ကြားမှု၊ ဉာဏ်ပညာထက်မြက်ခြင်း၊ ဦးစီးလုပ်ဆောင်ခြင်း၊ စွန့်စားလုပ်ဆောင်ခြင်း၊ ပညာရေး၊ ခွဲခြားဝေဖန်ပိုင်းခြားနိုင်ခြင်း စသည်တို့ဖြစ်ပါသည်။

၆ တန့်ဘာဂမှာ ရန်သူ၊ သူခိုးခိုးခံရခြင်း၊ ရောဂါဝေဒနာ၊ အကြွေး၊ ထိခိုက်ဒဏ်ရာရခြင်း၊ အနာ၊ စိတ်ထဲနေမထိထိုင်မထဖြစ်ခြင်း၊ ပူပင်သောက၊ မိခင်ဘက်မှ ဦးလေး၊ တရားရုံး၊ အစေအပါး၊ ဇာတာရှင်၏ အလုပ်၊ အလုပ်ကြမ်း၊ ကျန်းမာရေး၊ ဆေးဝါးကုသမှု စသည်တို့ဖြစ်ပါသည်။

၇ တန့်ဘာဂမှာ စပ်တူလုပ်ကိုင်သူ၊ ဇနီး၊ လင်ယောကျ်ား၊ ကုန်သွယ်မှု၊ ခရီးသွားသော ပစ္စည်းဥစ္စာများ ပြန်လည်ရရှိခြင်း၊ အဓိကခွန်အား၊ စပ်တူလုပ်စဥ် အောင်မြင်မှုရ-မရ စသည်တို့ဖြစ်ပါသည်။

၈ တန့်ဘာဂမှာ အသက်ရှည်မှု၊ သေဆုံးခြင်း၊ တရားဥပဒေ၊ သိက္ခာကျခြင်း၊ ရာထူးကျခြင်း၊ သတ်ဖြတ်ခြင်း၊ ရှုံးနိမ့်ခြင်း၊ စော်ကားခံရခြင်း၊ ဂမ်းနည်းကြေကွဲခြင်းနှင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပါသည်.

၉ တန့်ဘာဂမှာ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်း၊ ကုသိုလ်ကံ၊ ဥစ္စာနေ၊ အထက်တန်းပညာရေး၊ ဖခင်၊ ယောက်ဖ၊ ခယ်မ၊ မရီး၊ ညီမယောကျ်ား အလှူပေးခြင်း၊ ဘုန်းကြီးရဟန်း၊ ဘာသာရေးယုံကြည်မှု၊ ခရီးဝေးသွားခြင်း၊

တီထွင်ကြံဆခြင်း၊ ဥပဒေတို့ဖြစ်ပါသည်။

၁၀ တန့်ဘာဂမှာ အလုပ်အကိုင်ရာထူး၊ ဂုဏ်သရေ၊ အစိုးရ၊ ဘဂအဆင့်အတန်း၊ အောင်မြင်မှု၊ လေးစားခံရခြင်း၊ ဘုရားဖူးခရီးသွားခြင်း၊ ကျော်ကြားမှု၊ အာဏာရှိမှု၊ ထိမ်းချုပ်နိုင်မှု၊ အဆင့်အဆန်း၊ဓလေ့ထုံးစံ၊ အဆင့်နှင့်သက်ဆိုင်သည့် သက်မွေးဂမ်းကျောင်း၊ ကုန်သွယ်မှု၊ ဖခင်ထံမှ အမွေရရှိသော အသိုင်းအဝိုင်း။

၁၁ တန့်ဘာဂမှာ လုပ်ငန်းနှင့်ပတ်သက်သည့် အကျိုး၊ အမြတ်၊ ဝင်ငွေ၊ အတိုး၊ မိတ်ဆွေများ၊ အဆောင်အယောင်၊ ကူးသန်းရောင်းဝယ်၍ မြတ်စွန်းခြင်း၊ ငွေရရှိခြင်း။

၁၂ တန့်ဘာဂမှာ ကုန်ကျငွေ၊ ကံဆိုးခြင်း၊ ခြေထောက်၊ ခွဲခွာနေရခြင်း၊ သီလရှိခြင်း၊ ကိုးကွယ်ခြင်း၊ ဘုရားကျောင်း။

## ဂြိုဟ်များ၏ မိတ်၊ ရန်နှင့် ဥဒါသိန်

| ဂြိုဟ် | မိတ် | ရန် | ဥဒါသိန် |
|---|---|---|---|
| ၁။တနင်္ဂနွေဂြိုဟ် | -ကြာသပတေး<br>အင်္ဂါ<br>တနင်္လာ | -ရာဟု<br>သောကြာ<br>စနေ | - ဗုဒ္ဓဟူး |
| ၂။ တနင်္လာဂြိုဟ် | -တနင်္ဂနွေ<br>ဗုဒ္ဓဟူး | -ရာဟု<br>ကိတ် | -စနေ<br>သောကြာ<br>ကြာသပတေး<br>အင်္ဂါ |
| ၃။ အင်္ဂါဂြိုဟ် | -တနင်္လာ<br>ကြာသပတေး<br>တနင်္ဂနွေ | - ဗုဒ္ဓဟူး<br>ရာဟု | -စနေ<br>သောကြာ |
| ၄။ ဗုဒ္ဓဟူးဂြိုဟ် | -ရာဟု၊ သောကြာ<br>တနင်္ဂနွေ | -တနင်္လာ | -ကြာသပတေး<br>အင်္ဂါ၊ စနေ |
| ၅။ ကြာသပတေးဂြိုဟ် | - တနင်္ဂနွေဂြိုဟ်<br>တနင်္လာ၊ အင်္ဂါ | -သောကြာ<br>ဗုဒ္ဓဟူး | -ရာဟု<br>စနေ |
| ၆။ သောကြာဂြိုဟ် | - ဗုဒ္ဓဟူး<br>စနေ<br>ရာဟု | -တနင်္ဂနွေ<br>တနင်္လာ | -ရာဟု<br>အင်္ဂါ |
| ၇။ စနေဂြိုဟ် | - ဗုဒ္ဓဟူး<br>သောကြာ<br>ရာဟု | -တနင်္ဂနွေ<br>တနင်္လာ<br>အင်္ဂါ | -ကြာသပတေး |
| ၈။ ရာဟုဂြိုဟ် | -စနေ<br>သောကြာ<br>ဗုဒ္ဓဟူး | -တနင်္ဂနွေ<br>တနင်္လာ<br>အင်္ဂါ | -ကြာသပတေး |
| ၉။ကိတ်ဂြိုဟ် | -စနေ<br>သောကြာ<br>ဗုဒ္ဓဟူး | -တနင်္ဂနွေ<br>တနင်္လာ<br>အင်္ဂါ | -ကြာသပတေး |

ဂြိုဟ်တစ်လုံးမှာ မိတ်ရာသီတွင်
ရပ်တည်နေသောအခါအင်အားရှိပြီးကောင်းကျိုးကို ဖြစ်စေပါသည်။

ရန်သူ၏ ရာသီတွင် ရောက်ရှိနေပါက၊ အားနည်းပြီး
သက်ဆိုင်ရာရာသီဘာဝအလျှောက် ဆိုးကျိုးဖြစ်ပေါ်စေပါသည်။

*